မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

June 24 , 2026 | Volume 103 , Number 18

| ၂၄.၆.၂၀၂၆ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၈၃.၈၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၈.၂၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၆၉.၉၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၈.၃၇ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၈.၅၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၁၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၅.၉၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၇.၇၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၈၉ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## တောင်ငူမြို့ဈေးကွက်အတွင်းသို့ မိုးဦးရာသီ ဒေသထွက်သီးနှံနှင့် ဟင်းသီးဟင်းရွက်များ ပေါများစွာ ဝင်ရောက်လျက်ရှိ



ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်သည် ကရင်ပြည်နယ်၏ တောင်ပေါ်ဒေသတစ်ခုဖြစ်သော သံတောင်ကြီးမြို့နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိရာ ယခုကဲ့သို့ မိုးဦးရာသီအချိန်တွင် ဒေသတွင်းစိုက်ပျိုးထုတ်လုပ်သည့် ရာသီပေါ်သီးနှံများနှင့် သဘာဝအလျောက်ထွက်ရှိသော ဟင်းသီးဟင်းရွက်များ တောင်ငူမြို့ဈေးကွက်အတွင်းသို့ မြောက်မြားစွာ ဝင်ရောက်ကာ စည်ကားလျက်ရှိကြောင်းသိရသည်။

တောင်ငူခရိုင်နှင့်သံတောင်ကြီးဒေသတို့သည် ပထဝီအနေအထားအရ နီးစပ်ရုံမျှမက ရာသီဥတုနှင့်မြေဆီလွှာကောင်းမွန်မှုတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အလားအလာကောင်းသောဒေသများ ဖြစ်ကြသည်။ မိုးဦးကျကာလတွင် သံတောင်ကြီးဒေသမှထွက်ရှိသည့် ဖာလာ၊ လက်ဖက်ခြောက်၊ ဒူးရင်းသီး၊ ပိန္နဲသီး၊ နာနတ်သီး၊ မင်းဂွတ်သီး၊ ကြက်မောက်သီး၊ လိုင်ချီးသီး၊ ကနစိုသီး၊ ရေငန်းသီး၊ ကွမ်းသီး၊ ကွမ်းရွက်၊ မျှစ်၊ ဒညင်းသီး၊ ဆိတ်ဖူး၊ အင်ဥနှင့်ဖလန်တောင်ဝှေးအစရှိသည့် သဘာဝတောတောင်ထွက် အစားအစာများနှင့်အတူ ဒေသတွင်းစိုက်ပျိုးထားသော ရာသီပေါ်သီးနှံများဖြစ်သည့် အခြားသော ဟင်းသီးဟင်းရွက် စိမ်းစိမ်းစိုစိုများ တောင်ငူမြို့ပေါ်ရှိ ဈေးကြီးများနှင့် ပုံကျဈေးများသို့ နေ့စဉ်စီးဝင်လျက်ရှိသည်။

သံတောင်ကြီးဒေသဘက်မှထွက်သော ဒေသထွက်ပစ္စည်းများသည် လတ်ဆတ်ပြီး သဘာဝအတိုင်းထွက်သော အသီးအနှံများဖြစ်သောကြောင့် မြို့ခံများသာမက တောင်ငူခရိုင်အနီးတဝိုက်ကျေးရွာများမှ လာရောက်ဝယ်ယူသူများနှင့်ပါ အရောင်းအဝယ်ဖြစ်နေသည်။

မိုးရာသီအစပိုင်းတွင် အသီးအနှံနှင့်ဟင်းသီးဟင်းရွက်များ အလျှံပယ်ပေါ်များနေခြင်းကြောင့် ဈေးနှုန်းများမှာလည်း ဝယ်ယူစားသုံးသူများအတွက် သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ရရှိနိုင်သဖြင့် အခြေခံလူတန်းစားများအတွက် အဆင်ပြေလျက်ရှိသည်။ တောင်ငူမြို့နှင့်သံတောင်ကြီးဒေသအကြား လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကြောင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ပြီး သီးနှံများလတ်ဆတ်မှုရှိခြင်းသည် ဈေးကွက်အတွင်းလူကြိုက်များရခြင်း၏ အဓိကအချက်တစ်ချက်ဖြစ်ကြောင်း၊ မိုးဦးကျ ရာသီ သည် ဒေသခံတောင်သူများနှင့်ဈေးသည်များအတွက် မိသားစုဝင်ငွေ ပိုမိုတိုးပွားနေကြောင်း သိရသည်။

**Source: myantrade.gov.mm**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၁၅-၆-၂၀၂၆ မှ ၁၉-၆-၂၀၂၆) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2026 Crop) ကျပ် ၃,၀၇၉,၀၀၀၊ မတ်ပဲ SQ/RC (2026 Crop) ကျပ် ၃,၃၇၉,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၃,၁၃၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2026 Crop)ကျပ် ၁၃၇,၀၀၀ နှင့် မတ်ပဲ SQ/RC (2026 Crop)မှာ ကျပ် ၁၅၂,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၂၅,၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC(2026 Crop) ကွန်တိန်နာ ၇၀ လုံး (တန်ချိန် ၁၆၈၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2026 Crop) ကွန်တိန်နာ ၁၉၀ လုံး (တန်ချိန် ၄၅၆၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၉၀ လုံး (တန်ချိန် ၂၁၆၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC(2026 Crop) ကွန်တိန်နာ ၁၂၀ လုံး (တန်ချိန် ၂၈၈၀) နှင့် ပဲစင်းငုံ Red/ RC (2026 Crop) ကွန်တိန်နာ ၇၅ လုံး (တန်ချိန် ၁၈၀၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရှောက်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရှောက်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲရှောက် (သစ်) AC ကျပ် ၁၆,၅၀၀၊ မြားနီ(သစ်) ကျပ် ၁၈,၅၀၀၊ ဆင်ဖြူကျွန်း ကျပ် ၃၃,၅၀၀ ၊ဟသ်ာတ မိုးထောင် ကျပ် ၂,၀၀၀ နှင့် မြစ်ဝ(ပု) ကျပ် ၂၉၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပန်းရဲရှောက် ကျပ် ၁၀၀၀ ၊ မြားနီ(သစ်) ကျပ် ၁,၅၀၀၊ ဟသ်ာတမိုးထောင် ကျပ် ၂၀၀၀ ၊ ဆင်ဖြူကျွန်း ကျပ် ၅၀၀ နှင့် မြစ်ဝ(ပု) ကျပ် ၂၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ရှောက်ရှည်အိတ် ၂၄၀၀ (၄၈,၀၀၀ ပိဿာ) နှင့် ရှောက်ပုအိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရှောက်ရှည်အိတ်ပေါင်း ၃၃၀၀ (၆၆,၀၀၀ ပိဿာ) နှင့် ရှောက်ပု အိတ်ပေါင်း ၁၀၀ (၁,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင် အပတ်ထက် ရှောက်ရှည်အိတ်ပေါင်း ၉၀၀ (၁၈,၀၀၀ ပိဿာ) နှင့် ရှောက်ပုအိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၄၈၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၇၂၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီး များဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာ နှင့် သကြား(တစ်ပိဿာ) ဈေးနှုန်း များမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၄၀၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၉၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၄၂၀၀၊ ရေစကြို ကျပ်

၆၀၀၀၊ ကြံသကာ ကျပ် ၄၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၁၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက် ၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၅-၆-၂၀၂၆ မှ ၁၉-၆-၂၀၂၆) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၃၅၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၅၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၀၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၃၀၀ ၊ မုံရွာသစ်ရှယ် ကျပ် ၃၅၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၃၄၀၀ ၊ မုံရွာလတ်သန့် ကျပ် ၃၀၀၀ နှင့် မုံရွာလတ်ချော ကျပ် ၂၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၂၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၄၀၀၊ မုံရွာသစ်ရှယ် ကျပ် ၄၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၄၀၀ ၊ မုံရွာလတ်သန့် ကျပ် ၆၀၀ နှင့် မုံရွာလတ်ချော ကျပ် ၅၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ဆိပ်ဖြူလတ်ချောမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၀၆ စီး (၆၃၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၉၉ စီး (၅၉၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၇ စီး (၄၂,၀၀၀ ပိဿာ) လျော့နည်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကျူကုတ်မြို့နှင့် အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကျူကုတ်(ရှယ်) ကျပ် ၁၃၀၀၀၊ အောင်ပန်းထူး -၂ ကျပ် ၄၈၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၈၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၇၂၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၂၀၂၆ (၆၀,၇၈၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန် ဖြူအိတ်ရေ ၂၂၁၇ (၆၀,၇၈၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၉၁ (၅,၇၃၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ အာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၁၆၀၀၊ အောင်ပန်း OK ကျပ် ၂၂၀၀၊ အောင်ပန်း S1 ကျပ် ၂၂၀၀ နှင့် အောင်ပန်း S2 ကျပ် ၁၉၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အာလူးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က အာလူးကားစီးရေ ၆၀ စီး (၃၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၆၃ စီး ( ၃၇၈,၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၃ စီး (၁၈,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## မိတ္ထီလာ ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ် ဈေးနှုန်းဈေးကွက်



မိတ္ထီလာမြို့နယ်၌ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာသီးနှံများကို ဒေသတွင်း ဆီစက်များမှ ဒေသတွင်းဆီစားသုံးမှုနှင့် တိရစ္ဆာန်အစာဈေးကွက်ပေါ်မူတည်၍ ကြိတ်ခွဲထုတ်လုပ်ကြကြောင်း၊ ထွက်ရှိ လာသော ဆီကြိတ်ဖတ်များကို ဒေသတွင်း တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်များအပြင် မန္တလေးမြို့ တိရစ္ဆာန်အစာတောင့်စက်ရုံများမှလည်း ဝယ်ယူလျက်ရှိကြောင်းသိရသည်။

ယခု ဇွန်လဒုတိယပတ် မိတ္ထီလာဈေးကွက်တွင်ဖြစ်ပေါ်နေသော ပဲဖတ်နှမ်းဖတ်ဈေးနှုန်းများမှာ ပဲဖတ်တစ်ပိဿာလျှင် (၇၄၀၀)ကျပ်၊ နှမ်းဖတ်တစ်ပိဿာလျှင် (၅၄၀၀-၅၅၀၀)ကျပ်၊ နေကြာဖတ်တစ်ပိဿာလျှင် (၃၇၀၀) ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်လနှင့်ကာလတူနှိုင်းယှဉ်လျှင် ပဲဖတ်တစ်ပိဿာလျှင် (၅၅၀)ကျပ်ခန့် ဈေးနှုန်းကျဆင်းလာကြောင်း၊နှမ်းဖတ်နှင့်နေကြာဖတ်ဈေးနှုန်းများမှာ အရောင်းအဝယ်အေး၍ ဈေးနှုန်းတည်ငြိမ်နေ ကြောင်း သိရသည်။

**Source: https://www.doca.gov.mm/**

## ရုံးပတီသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ



ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်တွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများကို အဓိကထား လုပ်ကိုင်ကြပြီး စပါး၊ ပဲ၊ ပြောင်း၊ နှမ်းစသည့်သီးနှံများ စိုက်ပျိုးသည့်အပြင် စားဖိုဆောင်သီးနှံများကိုလည်း ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ရုံးပတီသီးသီးနှံကိုလည်း စီးပွားဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

ရုံးပတီသီးမျိုးအနေဖြင့် ပင်ပုမျိုး၊ ပင်လတ်မျိုး၊ ပင်မြင့်မျိုးများ ဖြစ်ပြီး ပင်မြင့်မျိုး (Finger One) ရုံးပတီမျိုးကို အများဆုံး စိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် မျိုးစေ့ ၁၅ ထုပ် စိုက်ပျိုးရပြီး စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၈၀၀,၀၀၀ ခန့်ကုန်ကျကြောင်း၊ ရုံးပတီသီးနှံကို စိုက်ပျိုးပြီး ၄၅ ရက်အကြာတွင် စတင်ခူးဆွတ်ရ၍ တစ်ရက်ခြား တစ်ကြိမ် ခူးဆွတ်လျက်ရှိရာ သက်တမ်းအနေဖြင့် ၂ လထိ ခူးဆွတ်ရကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ရုံးပတီသီးပိဿာချိန် ၂၀၀၀ ခန့်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀-၂၇၀၀၊ လက်လီဈေး တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၈-သိန်းမှ ၂၀ သိန်းခန့် အကြားရရှိပြီး၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှာ စိုက်ခင်းအထိ လာရောက်ဝယ်ယူကြကြောင်း၊ ရုံးပတီပင်သည် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး ဈေးကောင်းရရှိသည့်အတွက် တောင်သူများအနေဖြင့် အကျိုးအမြတ်များ ပိုမို ရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

**Source: https://www.doca.gov.mm/**

## ဘရာဇီးမှ ကော်ဖီနှင့်အပူပိုင်းသစ်သီးများတင်သွင်းမှုကိုတိုးမြှင့်ရန် ရုရှားအဆင်သင့်ရှိကြောင်း ဝန်ကြီးပြောကြား

ရုရှားနိုင်ငံသည် ဘရာဇီးနိုင်ငံနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့ရန်အသင့်ရှိနေပြီး၊ ထိုအထဲတွင် ဘရာဇီးမှ ကော်ဖီနှင့်သစ်သီးများတင်သွင်းမှုကို တိုးမြှင့်ခြင်းလည်းပါဝင်ကြောင်း ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မက်ဆင်ရီရှက်တနီကိုဗ် (Maxim Reshetnikov) က ပြောကြားခဲ့သည်။

ရုရှား-ဘရာဇီး ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစိုးရအချင်းချင်းကော်မရှင်၏ အထွေထွေအစည်းအဝေးတွင် ၎င်းက အောက်ပါအတိုင်းပြောကြားခဲ့သည်-

"ကျွန်ုပ်တို့သည် စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်အသင့်ရှိပါသည်။ ယင်းတွင် ရုရှားတွင် လူကြိုက်များသော ကော်ဖီ၊ အပူပိုင်းဒေသသစ်သီးများနှင့် အသားများတင်သွင်းမှုကို တိုးမြှင့်ခြင်းအပြင် အပင်မျိုးပွားရေး၊ မျိုးစေ့ထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေးပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတက်ကြွစွာ ဆောင်ရွက်သွားရန် လည်းပါဝင်ပါသည်။"

ထို့ပြင် ရုရှားနိုင်ငံသည် ကျန်းမာရေးစောင့်ရှောက်မှုနှင့်ဆေးဝါးထုတ်လုပ်ရေးကဏ္ဍများတွင်လည်း ဘရာဇီးနှင့် ပူးပေါင်းဆောင်ရွက်ရန် ဖွင့်လှစ်ထားကြောင်း ဝန်ကြီးက ထပ်လောင်းပြောကြားခဲ့သည်-

"ဤကဏ္ဍတွင် အရေးကြီးသည့်အချက်တစ်ခုမှာ ဆေးဝါးမှတ်ပုံတင်ခြင်းဖြစ်သည်။ ဘရာဇီးအမျိုးသားကျန်းမာရေးစောင့်ကြည့်ထိန်းသိမ်းရေးအေဂျင်စီနှင့် နီးကပ်သောဆွေးနွေးမှုများပြုလုပ်နိုင်ရန်မျှော်လင့်ပါသည်။"

**Source:** https://kpl.gov.la

**(အောင်ဖြိုးထွဋ်၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

## ၂၀၂၇ ခုနှစ်၊ မေလလယ်မှစ၍ e-Commerce သဘောတူညီချက် အသက်ဝင်ရေး ထောက်ခံနိုင်ငံများ ဆွေးနွေး

ကမ္ဘာ့ပထမဆုံး ဒီဂျစ်တယ်ကုန်သွယ်ရေး အခြေခံစည်းမျဉ်းများဖြစ်သည့် e-Commerce သဘောတူညီချက်ကို ထောက်ခံသည့်နိုင်ငံများ (Co-sponsors) က မကြာမီ အတည်ပြု ပြဋ္ဌာန်းနိုင်ရေး ဇွန်လ ၉ ရက်နေ့က ဆွေးနွေးခဲ့ကြသည်။

e-Commerce သဘောတူညီချက်ကို အတည်ပြုခြင်းလုပ်ငန်းစဉ် (Ratification process) မှာ (၁၄) ကြိမ်မြောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဝန်ကြီးအဆင့်ညီလာခံ (MC14) ၌ အဖွဲ့ဝင်နိုင်ငံပေါင်း ၆၀ ကျော်က ချမှတ်ခဲ့သည့် ကြားကာလအစီအမံများမှ ၁ ခု ဖြစ်ပြီး၊ သဘောတူညီချက်ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ စည်းမျဉ်းစာအုပ် (Rulebook) အတွင်း ထည့်သွင်းရန်မှာမူ စောင့်ဆိုင်းနေရဆဲဖြစ်ပါသည်။

e-Commerce သဘောတူညီချက်ကို ထောက်ခံသည့်နိုင်ငံများ (Co-sponsors) တွင် ပါဝင်သော ချီလီနိုင်ငံက အတည်ပြုပြဋ္ဌာန်းနိုင်ရေးကို ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပြီး အစည်းအဝေးဦးဆောင်သူဖြစ်သည့် စင်ကာပူနိုင်ငံက သဘောတူညီချက် အသက်ဝင်ရန်အဖွဲ့ဝင် ၄၅ နိုင်ငံက အတည်ပြုပြဋ္ဌာန်းရမည်ဖြစ်ကြောင်း၊ ၂၀၂၇ ခုနှစ်၊ မေလလယ်မှစ၍ အကောင်အထည်ဖော်ရန်ထောက်ခံသည့် နိုင်ငံအားလုံးကလိုလားကြောင်း ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံက e-Commerce သဘောတူညီချက်နှင့် ကြားကာလအစီအမံများ ကျန်အဖွဲ့ဝင်နိုင်ငံများအား မိတ်ဆက်ပေးမည်ဖြစ်ပြီး သဘောတူညီချက် အကောင်အထည်ဖော်ရေးနည်းပညာဆိုင်ရာ အကူအညီများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးများ၊ ထိတွေ့ဆွေးနွေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် Johanna Hill က ဒီဂျစ်တယ်ကုန်သွယ်ရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများဆောင်ရွက်နိုင်ရန် အတွင်းရေးမှူးအဖွဲ့မှ AI အကူအညီဖြင့် သင်တန်းလိုအပ်ချက်များကို ကူညီပေးနိုင်ကြောင်း၊ ကမ္ဘာ့ဘဏ်၊ အမေရိကတိုက်ရှိနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုဘဏ်တို့နှင့်ပူးပေါင်း၍ အာဖရိက၊ လက်တင်

အမေရိကနှင့် ကာရေဘီယံနိုင်ငံများ၏ ဒီဂျစ်တယ်ကုန်သွယ်မှု အခြေခံအဆောက်အဦအပေါ် လေ့လာဆန်းစစ်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ဒီဂျစ်တယ်ကုန်သွယ်မှုဆိုင်ရာ အွန်လိုင်းသင်တန်းများလည်း ဖွင့်လှစ်နေပြီး သုတေသနနှင့် လေ့လာဆန်းစစ်မှုများကို ကူညီပေးနိုင်ပါကြောင်း ပြောကြားခဲ့သည်။

အဖွဲ့ဝင်နိုင်ငံအများအပြားက e-Commerce သဘောတူညီချက် အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေသော ပြည်တွင်းလုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုများကို တင်ပြခဲ့ကြပါသည်။

**စာကြွင်း**

e-Commerce သဘောတူညီချက် (ECA) သည် နယ်စပ်ဖြတ်ကျော် ဒီဂျစ်တယ်ကုန်သွယ်ရေးကို လွယ်ကူချောမွေ့စေရန်၊ ပွင့်လင်းသော ဒီဂျစ်တယ်ပတ်ဝန်းကျင်တစ်ရပ် ဖြစ်ထွန်းလာစေရန်နှင့် အွန်လိုင်းအရောင်းအဝယ်ပြုလုပ်မှုများအပေါ် ယုံကြည်မှုမြှင့်တင်ရန် ရည်ရွယ်သည်။

ECA ညှိနှိုင်းဆွေးနွေးမှုများကို ၂၀၂၄ ခုနှစ်တွင် အပြီးသတ်နိုင်ခဲ့ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) သဘောတူညီချက်၏ နောက်ဆက်တွဲ (၄) ၌ ထည့်သွင်းရန် ပထမဆုံးအကြိမ် တောင်းဆိုချက်ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် အထွေထွေကောင်စီ (General Council) ထံ တင်ပြခဲ့ပြီး အဖွဲ့ဝင် နိုင်ငံပေါင်း ၉၀ ခန့် ပါဝင်ဆွေးနွေးခဲ့ကြသည်။

၂၀၂၆ ခုနှစ် ဇွန်လအထိ အဖွဲ့ဝင် ၇၃ နိုင်ငံက အပြီးသတ် ECA သဘောတူညီချက်ကို ထောက်ခံထားကြပြီး WTO ၏ ဥပဒေမူဘောင်အတွင်း ထည့်သွင်းရန်ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေဆဲဖြစ်ကာ ကမ္ဘာ့ကုန်သွယ်ရေး၏ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်နေသော WTO အဖွဲ့ဝင် ၆၇ နိုင်ငံက ကြားကာလအစီအမံများမှတစ်ဆင့် ECA ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ၂၀၂၆ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ (MC14 ဝန်ကြီးအဆင့်ညီလာခံ) တွင် ကြေညာခဲ့သည်။

ယခုသဘောတူညီချက်သည် လက်ခံအတည်ပြုလွှာ (Instruments of acceptance) ၄၅ စောင် တင်သွင်းပြီးပါက စတင်အသက်ဝင်မည်ဖြစ်သည်။

**Source:** https://commerce.gov.mm/

## တရုတ်နိုင်ငံ ကွမ်တုန်းပြည်နယ်မှ အီလက်ထရွန်းနစ်အစိတ်အပိုင်းများထုတ်လုပ်သည့် Lingyi iTech (Guangdong)ကုမ္ပဏီသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၆ ဘီလီယံတန်ဖိုးအထိ ရင်းနှီးမြှုပ်နှံမှုများ စတင်လက်ခံဆောင်ရွက်နေ

တရုတ်နိုင်ငံ၊ ကွမ်တုန်းပြည်နယ်မှ အီလက်ထရွန်းနစ်အစိတ်အပိုင်းများထုတ်လုပ်သည့် Lingyi iTech (Guangdong) ကုမ္ပဏီသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၆ ဘီလီယံတန်ဖိုးအထိ ရင်းနှီးမြှုပ်နှံမှုများစတင်လက်ခံ၍ ဆောင်ရွက်နေပြီဖြစ်ပါသည်။ ကွမ်တုံပြည်နယ်အခြေစိုက် Lingyi iTech ကုမ္ပဏီသည် အီလက်ထရွန်းနစ်ပစ္စည်းများ၊ ရိုဘော့များ၊ စီးပွားရေးလုပ်ငန်းဆာဗာများနှင့် ယာဉ်များတွင်အသုံးပြုသော အစိတ်အပိုင်းများကိုထုတ်လုပ်ပြီး၊ ၂၀၀၆ ခုနှစ်ကတည်းက စတင်လည်ပတ်ခဲ့သောကုမ္ပဏီသည် ရရှိသောဝင်ငွေများကို သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်ရန်၊ ထုတ်လုပ်မှု စွမ်းရည်ကိုတိုးမြှင့်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်သွားရန် ဆောင်ရွက်ခဲ့သည်။ ၂၀၂၅ ခုနှစ်တွင် ၎င်း၏ဝင်ငွေသည် ယခင်နှစ်ထက် ၁၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး တန်ဖိုးယွမ် ၅၁ ဒသမ ၄ ဘီလီယံအထိရှိခဲ့သည်။

Lingyi iTech ကုမ္ပဏီသည် ၎င်း၏ရှယ်ယာ ၈၁၁ ဒသမ ၈ သန်းကို စတင်ရောင်းချလျက်ရှိပြီး၊ ကမ်းလှမ်းထားသည့်ဈေးနှုန်းသည် ရှန်းကျန်းရှယ်ယာဈေးနှုန်းထက် ၄၄ ရာခိုင်နှုန်းလျှော့ချရောင်းချခြင်းဖြစ်ပြီး၊ ကုမ္ပဏီ၏ရှယ်ယာများသည် ပြီးခဲ့သည့်နှစ်အတွင်း ၉၀ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့ခြင်းဖြစ်ပါသည်။ ကုမ္ပဏီ၏ ဈေးကွက်ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံခန့်ရှိပါသည်။ GF Fund Management Co၊ Qube Research & Technologies နှင့် Sunny Optical

Technology Group Co တို့သည် အမေရိကန်ဒေါ်လာ ၄၀၆ ဒသမ ၉ သန်းတန်ဖိုးရှိသော ရှယ်ယာများကိုဝယ်ယူရန်နှင့် သတ်မှတ်ထားသော ကာလတစ်ခုအတွင်း ရှယ်ယာများကို ကိုင်ဆောင်ထားရန် သဘောတူညီခဲ့ကြသည်။

ယခုကဲ့သို့ရှယ်ယာများရောင်းချခြင်းဖြင့် Lingyi iTech ကုမ္ပဏီသည် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများစွာကို ရရှိနိုင်မည်ဖြစ်ပြီး AI server များ၊ Humanoid robots များကဲ့သို့နည်းပညာမြင့်နယ်ပယ်များတွင်ပါ ရင်းနှီး မြှုပ်နှံမှုတိုးချဲ့နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ပြီး၊ နည်းပညာဆိုင်ရာကုမ္ပဏီများအပေါ် ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှုမြင့်မားခြင်းကိုလည်း ထင်ဟပ်လျက်ရှိကြောင်း တွေ့ရှိရသည်။

**Source:** https://www.chinadailyasia.com/hk/article/635114

**(လွဲ့လွဲ့နှင်း၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

## STOCK EXCHANGE (24.6.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Jun. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 32,583 (Shares) | 228,680,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 16,000 | -500 | -3.03% | 16,500 | 17,000 | 16,000 | 389 | 6,337,000 | 33,109,694 | 529,755 |
| MTSH | 00002 | 8,800 | -100 | -1.12% | 8,900 | 8,900 | 8,800 | 5,504 | 48,833,600 | 38,929,150 | 342,577 |
| MCB | 00003 | 12,500 | +0 | +0.00% | 12,500 | 12,500 | 12,500 | 0 | 0 | 10,400,986 | 130,012 |
| FPB | 00004 | 7,300 | -100 | -1.35% | 7,400 | 7,400 | 7,300 | 1,154 | 8,474,700 | 31,144,738 | 227,357 |
| TMH | 00005 | 3,600 | -50 | -1.37% | 3,600 | 3,600 | 3,600 | 460 | 1,656,000 | 12,823,224 | 46,164 |
| EFR | 00006 | 2,000 | +50 | +2.56% | 1,950 | 2,050 | 1,950 | 3,003 | 5,955,650 | 19,977,223 | 39,955 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 1,258 | 5,032,000 | 10,497,598 | 41,990 |
| MAEX | 00008 | 6,100 | +0 | +0.00% | 6,300 | 6,300 | 6,100 | 1,287 | 7,884,200 | 23,804,946 | 145,210 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 23rd Jun. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 792.37 | -12.23 | -1.52% | 807.11 | 814.77 | 792.37 | 13,055 | 84,173,150 | 8 | 1,503,020 |

**Index chart**



# Market Overview

# Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 23rd Jun, 2026

| Trading Volume | Trading Value |
|---|---|
| 32,717 (Shares) | 237,304,250 (MMK) |

## Main Board

As of 1:00 pm, 23rd Jun, 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 32,583 (Shares) | 228,680,350 (MMK) |

| MYANPIX | 792.37 ▼ 12.23 |
|---|---|
| Total Volume (shares) | 13,055 |
| Total Value (MMK) | 84 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,503,020 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 16,000 | ▼ 500 |
| MTSH | 00002 | 8,800 | ▼ 100 |
| MCB | 00003 | 12,500 | ▲ 0 |
| FPB | 00004 | 7,300 | ▼ 100 |
| TMH | 00005 | 3,600 | ▼ 50 |
| EFR | 00006 | 2,000 | ▲ 50 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 6,100 | ▲ 0 |

TIR